# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

July 25, 2019 Volume 21, Number 17


## မြန်မာ့ရေထွက်ကုန် ၂၁ မျိုး တရားဝင်တင်ပို့ နိုင်ရေးအတွက် တရုတ်နိုင်ငံသို့ တင်ပြထား

တရုတ်နိုင်ငံသို့ မြန်မာ့ရေထွက်ကုန် ၂၁ မျိုး တရားဝင်တင်ပို့နိုင်ရေးအတွက် တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (General Administration of Custom- GACC) ကို တင်ပြထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှသိရသည်။ လက်ရှိတွင် တရုတ်နိုင်ငံသို့ မြန်မာ့ရေထွက်ကုန်အမျိုးပေါင်း ၁၀၀ ကျော်ကို တင်ပို့နေပြီး၊ ယင်းတို့အနက် ပြည်တွင်း၌ စီးပွားဖြစ်မွေးမြူလျက်ရှိသော ငါးမျိုးစိတ်များအပါအဝင်၊ သဘာဝငါးမျိုးစိတ် စုစုပေါင်း ၂၁ မျိုးကို ဦးစားပေးတင်ပြထားခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါ တင်ပြထားသည့် ရေထွက်ကုန်အမျိုးအစားများတွင် ငါးပြေမ၊ ငါးသိုင်းခေါင်းပွ၊ ငါးရံ့၊ ငါးကြင်းဖြူ၊ ငါးရှူ၊ ရွှေဝါငါးကြင်း၊ ငါးကျည်း၊ ငါးမြစ်ချင်း၊ ပုစွန်ဖြူ၊ ရေချိုပုစွန်ထုတ်ကြီး၊ ငါးဖယ်၊ ငါးနုသန်၊ တီလားပီးယား၊ မြစ်ငါးတန်၊ မွေးငါးတန်၊ ရေငန် ပုစွန်ကြား၊ ငါးမြင်း၊ ငါးဂျောင်း၊ဘီလားစသည့် အမျိုးအစားများ ပါဝင်ကြောင်းသိရသည်။ GACC ကို သတ်မှတ်နည်းလမ်းတွေအရ ပြီးခဲ့တဲ့ ဇူလိုင်လဆန်းပိုင်းက ပေးပို့ထားပြီးဖြစ်ပါတယ်။ အဓိက မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ကနေ ကုန်သွယ်ရေးနဲ့ပက်သက်ပြီး၊ ဒီငါးမျိုးတွေက မြန်မာပြည်မှာ မွေးမြူထုတ်လုပ်ပါတယ်ဆိုတာ ပထမဦးဆုံးအဆင့် ဦးစားပေး တင်ပြထားတာပါ။ တရုတ်ကတော့ အခုလက်ရှိပို့နေတာတွေရော၊ နောက်ထပ် အလားအလာရှိတဲ့ ပို့မယ့်ဟာတွေရောပါ သူတို့ကိုတင်ပြပေးဖို့တောင်းဆို ထားတယ်။ ကျန်တဲ့ငါးမျိုးစိတ်တွေကို ဒီလကုန်မှာဆက်ပြီးပို့သွားမယ်ဟု ငါးလုပ်ငန်းဦးစီးဌာန၊ ပြည်ပပို့ကုန်အရည်အသွေးစစ်ဆေးရေးဌာနစုတာဝန်ခံ ဒုတိယ ညွှန်ကြားရေးမှူး ဦးသက်နိုင်ကဆိုသည်။

အဆိုပါပေးပို့ထားသည့် ရေထွက်ကုန်အမျိုးအစား ၂၁ မျိုးအနက် ၁၅ မျိုးခန့်မှာ တရုတ်နိုင်ငံသို့ လုံးဝကုန်သွယ်မှုပြုလုပ်ခြင်းမရှိသည့် အမျိုးအစားများဖြစ်ပြီး၊ ကျန်အမျိုးအစားများမှာ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိသော ရေထွက်ကုန်အမျိုးအစားများဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2348414538577362?__tn__=K-R

### ၂၅.၇.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၂၂ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၄၈၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၁/ကျပ် |
| CBM Rate | = ၁၅၁၃.၆/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၈၄.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၀၈.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၈၇.၈ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၀၀.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၅၃.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၀.၁၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၄၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၈.၁၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၇.၆၅ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၉၉၂ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၈၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀

ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org

myantradetir2016@gmail.com

## ဟောင်ကောင်တရားခံ လွှဲပြောင်းပေးရေးဥပဒေမူကြမ်းအား ဆန္ဒပြမှုများကြောင့် ဟောင်ကောင်သို့ ခရီးသွားနိုင်ငံခြားဧည့်သည်များလာရောက်မှုလျော့ကျမှုမှတ်တမ်းဝင်ခဲ့ခြင်း

တရားခံလွှဲပြောင်းပေးရေး ဥပဒေမူကြမ်းအား ဆန့်ကျင်၍ ဆန္ဒပြမှုများ ဆက်လက် ဖြစ်ပွားသောကြောင့် ယခုလတွင် ဟောင်ကောင်သို့ လာရောက်သည့် ခရီးတိုသွားနိုင်ငံခြား ဧည့်သည်များလာရောက်မှု သိသာစွာ လျော့ကျလာခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။ တရုတ်ပြည်မကြီးမှ လာရောက်သော ခရီးသွားဧည့်သည်များ မပါဝင်ဘဲ အာရှမှခရီးသွား လာရောက်မှုမှာ နှစ်စဉ်နှစ်တိုင်း ဇူလိုင်လ ၁ ရက်နေ့မှ ၅ ရက်နေ့အတွင်း ၃.၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်းနှင့် တစ်နှစ်ထက် တစ်နှစ် ပိုမိုကျဆင်းလာကြောင်း နောက်ဆုံးစာရင်းအရ သိရှိရပါသည်။ တရုတ်-အမေရိကန် ကုန်သွယ်ရေးအကျပ်အတည်း၏ သက်ရောက်မှုများ ရှိနေသော်လည်း ယခင်နှစ်ကာလတူ ဇွန်လတွင် ခရီးသွားလာရောက်မှု ၈.၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ သို့သော် ယခုနှစ် ဇွန်လမှစ၍ တရုတ်ပြည်မကြီး၊ ထိုင်ဝမ်နှင့် တောင်ကိုရီးယားမှခရီးသွား အနည်းငယ်သာလာရောက်ခဲ့မှုမှာ ဆန္ဒပြမှုသတင်းကြောင့် ဖြစ်နိုင်ကြောင်းနှင့် လာမည့်နှစ်လအတွင်း လေယာဉ်လက်မှတ်ကြိုတင်ဝယ်ယူမှုများ၊ဟိုတယ် များနှင့် ခရီးသွားလုပ်ငန်းများအတွက် ဟောင်ကောင်အတွက် စိန်ခေါ်မှုများဖြစ်နေကြောင်း ဟောင်ကောင် ခရီးသွား ဘုတ်အဖွဲ့၏ ပြည်ပခရီးသွားမှ Chief Executive ဖြစ်သူ Anthony Lau Cun-hon မှ သောကြာနေ့တွင် ပြောကြားခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။ ပထမ ၆ လတွင် မြို့တော်၏ စုစုပေါင်း ခရီးသွားလာရောက်မှုမှာ ၃၄.၈၇ မီလီယံ ရှိခဲ့ပြီး ၁၃.၉ ရာခိုင်နှုန်း အဆင့်ရောက်ခဲ့ကြောင်းနှင့် နှစ်ကုန်တွင် ၆၅.၁၀ မီလီယံရရှိနိုင်ရန် ခန့်မှန်းခဲ့ကြောင်း၊ သို့သော် ဇွန်လမှ စတင်၍ ဟောင်ကောင်တွင် ဆန္ဒပြသူအရေအတွက်သန်းချီ၍ ဆန္ဒပြမှုများမြင့်တက်ခဲ့မှုကြောင့် ဥပဒေပြုရေးအားလည်း ဆိုင်းငံ့ထား ပါကြောင်း၊ ဆန္ဒပြမှု အများစုမှာ အဓိကဈေးဝယ်ယူရာနေရာဖြစ်သည့် Causeway Bay မှစတင်ပြီး ခရီးသွားနှင့် အစိုးရဌာနများဆိုင်ရာ နယ်မြေဖြစ်သည့် Admiralty တွင်အဆုံးသတ်ပြီး လမ်းများပိတ်ပြီး စီးပွားရေးလုပ်ငန်းများလည်း အနှောင့်အယှက်များဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

ဇူလိုင်လ ၁ ရက်နေ့က ဟောင်ကောင်အား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် ဗြိတိသျှ ကိုလိုနီမှ တရုတ်ပြည်မကြီးသို့ ပြန်လည်လွှဲပြောင်းမှု ၂၂ နှစ်မြောက် နှစ်ပတ်လည်နေ့တွင် Admiralty ရှိ ဥပဒေပြုကောင်စီ အဆောက်အဦတွင် ဆန္ဒပြသူများမှ ပြင်းထန်စွာ ဆန္ဒပြကြပြီး အများပြည်သူပိုင် အဆောက်အဦမျက်နှာစာများနှင့် အရေးကြီးပစ္စည်းများအား ဖျက်စီးခဲ့ကြကြောင်းနှင့် အဆိုပါဖြစ်စဉ်မှာ နိုင်ငံတကာသတင်းစာခေါင်းကြီးပိုင်းတွင် ဖော်ပြပါရှိပြီး ဥပဒေပြုလွှတ်တော်၏ လုပ်ငန်းဆောင်ရွက်မှုအား အနည်းဆုံး ၄ လကြာ ရပ်ဆိုင်းထားနိုင်ကြောင်း၊ ဥပဒေမူကြမ်းတွင် ရာဇဝတ်မှု သံသယရှိသူ များအား တရား စီရင်ရေးအတွက် ဟောင်ကောင်မှ လွှဲပြောင်းပေးရန်အတွက် ဟောင်ကောင်အနေဖြင့် တရုတ်ပြည်မကြီးနှင့် တရားခံလွှဲပြောင်းပေးရန် သဘောတူညီချက် မရှိပါကြောင်း ရေးသားဖော်ပြထားပါသည်။ ဟောင်ကောင်သို့ ခရီးသွား ဧည့်သည်လာရောက်မှု ဈေးကွက်အား ထိန်းထားနိုင်ရန်အတွက် ဟောင်ကောင်အား နိုင်ငံခြားခရီးသွားဧည့်သည်များ လာရောက် လည်ပတ်ရန် လုံခြုံစိတ်ချရသည့် နေရာတစ်ခုဖြစ်ကြောင်း နိုင်ငံတကာမှသိအောင် ဆက်လက်လုပ်ဆောင်ရန် လိုအပ်ကြောင်း၊ လာမည့်လများတွင် ကျင်းပပြုလုပ်မည့် wine and dine festival ၊ cyclothon နှင့် e-sports festival အစရှိသည့် အဓိကပွဲတော်များလည်း စီစဉ်ထားရှိကြောင်း ဟောင်ကောင် ခရီးသွားဘုတ်အဖွဲ့မှ Chairman ဖြစ်သူ Pang Yiu-kai ကပြောကြားခဲ့ကြောင်း ရေးသား ဖော်ပြထားပါသည်။ တရုတ်-အမေရိကန် ကုန်သွယ်ရေးအကျပ်အတည်းကြောင့် ခရီးသွားလုပ်ငန်းအား ဆက်လက် ထိခိုက်နိုင်ပြီး ယခင်နှစ်ကာလတူ ဇွန်လတွင် ခရီးရှည်သွား နိုင်ငံခြားခရီးသွားဧည့်သည်များ ၄.၁ ရာခိုင်နှုန်းကျဆင်း ခဲ့ကြောင်း ခရီးသွားဘုတ်အဖွဲ့၏ ပြည်ပခရီးသွားမှ Chief Executive ဖြစ်သူ Anthony Lau Cun-hon က ပြောကြား ခဲ့ကြောင်း ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် South China Morning Post ၌ Denise Tsang က ရေးသား ဖော်ပြထားသည့် သတင်းအား တင်ပြအပ်ပါသည်။

**Source: South China Morning Post**

**စီးပွားရေးသံမှူး-ဟောင်ကောင်**

## ငါးမွေးမြူရေးဆိုင်ရာ ပြန်လည်ပြင်ဆင်သည့် ဥပဒေကြမ်းတင်သွင်း သဘာဝဘေးနှင့်ရောဂါကြောင့် နစ်နာဆုံးရှုံးလျှင် ကူညီထောက်ပံ့မည့်အစီအစဉ်ပါဝင်

ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ငါးမွေးမြူရေးဆိုင်ရာ ဥပဒေကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနက ပြင်ဆင်ရေးဆွဲကာယမန်နေ့တွင် ကျင်းပသည့် အမျိုးသားလွှတ်တော် အစည်းအဝေးသို့ တင်သွင်း

ခဲ့သည်။ လက်ရှိ ကျင့်သုံးနေသော တည်ဆဲ ငါးမွေးမြူရေးဆိုင်ရာ ဥပဒေသည် ခေတ်စနစ်နှင့် လိုက်လျောညီထွေမှု မရှိသောကြောင့် ဝန်ကြီးဌာနက အသစ်ပြန်လည်ရေးဆွဲကာ တင်သွင်းခြင်းဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က လွှတ်တော်သို့ ပြောသည်။.စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လက်ရှိ တည်ဆဲဥပဒေဖြစ်သည့် ငါးမွေးမြူရေး ဆိုင်ရာ ဥပဒေတွင် မပါသေးသော ငါးမွေးမြူရာ၌ ရေပြင်နှင့်မြေများ သတ်မှတ်ခြင်းကိစ္စ၊ ငါးသယံဇာတထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးကိစ္စ၊ ငါးမွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးကိစ္စရပ်များ၊ ခွင့်ပြုမိန့်လျှောက်ထားသူများကို ခွင့်ပြုမိန့်ပေးခြင်း ကိစ္စများဆောင်ရွက်ရန် လိုအပ်သောကြောင့် ပြင်ဆင်ရေးဆွဲခြင်းဖြစ်ကြောင်း ဒုတိယဝန်ကြီး ဦးလှကျော်က လွှတ်တော်သို့ရှင်းပြသည်။

ဝန်ကြီးဌာနက ရေးဆွဲတင်သွင်းသည့် ငါးမွေးမြူရေးဆိုင်ရာဥပဒေတွင် သဘာဝဘေးအန္တရာယ်ကျရောက်သည့် ဒေသများမှ ငါးမွေးတောင်သူများနှင့် ငါးရောဂါကြောင့် ဦးစီးဌာနညွှန်ကြားချက်အရ ငါးများသုတ်သင်ရှင်းလင်းခံရသည့် ငါးမွေးတောင်သူများ၏ ဆုံးရှုံးနစ်နာမှုများအတွက် ကူညီထောက်ပံ့မည့်အချက်များပါဝင်သည်။ ထို့အပြင် ဝန်ကြီးဌာနပိုင် မြေများကို ငါးမွေးမြူလိုသူများအနေဖြင့် အငှားဂရန်လျှောက်မည်ဆိုပါက ယင်းလျှောက်ထားချက်ကိုစိစစ်ပြီး လျှောက်ထားသူအား တစ်ကြိမ်လျှင် နှစ် (၅၀) ထက်မပိုသောကာလအတွက် စည်းကမ်းချက်များသတ်မှတ်၍ အငှား ဂရန်ချပေးနိုင်သည်ဟု ယင်းဥပဒေကြမ်းတွင်ပါရှိသည်။ အဆိုပါ မြေအားငှားရမ်းသူအနေဖြင့် သုံးနှစ်အတွင်း ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရမည်ဖြစ်ပြီး သက်တမ်းငါးနှစ်အတွင်း ဧရိယာအားလုံး၌ ငါးမွေးမြူရေးလုပ်ကိုင်ရမည်ဟု ဥပဒေသစ်တွင် ထည့်သွင်းရေးသားဆွဲသည်။ အဆိုပါ ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ပြင်ဆင်ချက်အဆိုတင်သွင်းမည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌမန်းဝင်းခိုင်သန်းက ကြေညာ သည်။

**Source:** http://www.7daydaily.com/story/161979

## လေးလအတွင်း ရွှေဈေး ၁၀ ရာခိုင်နှုန်းမြင့်တက်




ယခုနှစ် ဧပြီလဆန်းပိုင်းကစတင်၍ တရိပ်ရိပ်တက်လာသည့်ရွှေဈေးသည် လေးလအတွင်း ၁၀ ရာခိုင်နှုန်းနီးပါး မြင့်တက်လာပြီး ဈေးပြန်ကျနိုင်ခြေမရှိသေးကြောင်း ရွှေလုပ်ငန်းရှင်များကပြောသည်။ ဧပြီလဆန်းပိုင်းက အခေါက်ရွှေတစ်ကျပ်သားလျှင် ဆယ်သိန်းငါးသောင်းကျပ်ပေါက်ဈေးရှိခဲ့သည့် ရွှေဈေးသည် ဇူလိုင် ၂၄ ရက်တွင် ဆယ့်တစ်သိန်းငါးသောင်းကျပ်နီးပါးအထိ ဈေးမြင့်တက်လာခြင်း ဖြစ်သည်။

လေးလအတွင်း ရွှေဈေးသည် ကျပ်တစ်သိန်းအထိ မြင့်တက်လာခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၉ ဒသမ ၅ ရာခိုင်နှုန်းကျော် မြင့်တက်ခဲ့ခြင်းဖြစ်သည်။ လက်ရှိ ရွှေထည်အရောင်းအဝယ်အေးနေပြီး အခေါက်ရွှေ ဝယ်ယူစုဆောင်းမှုလည်းမရှိကြောင်း ရွှေကုန်သည်များက ဆိုသည်။ ရွှေဈေးက ဆယ့်တစ်သိန်းလောက်ဖြစ်တဲ့အချိန်မှာ ရွှေထည်တွေကို ထုတ်ရောင်းလာကြတယ်။ ပြန်ရောင်းတဲ့သူတွေက မြတ်လည်း မြတ်ကြပါတယ်။ အခု ဆယ့်တစ်သိန်းခွဲလောက်အထိဖြစ်သွားတော့ ရွှေထည်ကို မဝယ်ရဲကြတော့ဘူး။ ဝယ်ပြီးမှ ဈေးပြန်ကျသွားမှာ စိုးရိမ်နေကြတယ်ဟု မန္တလေးရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဦးတင်ထွန်းဦးကဆိုသည်။

မြန်မာ့ရွှေဈေးသည် ဒေါ်လာဈေးနှင့် ကမ္ဘာ့ရွှေဈေးပေါ်တွင် မူတည်နေပြီး လက်ရှိတွင် ကမ္ဘာ့ရွှေဈေး အပြောင်းအလဲကြောင့် ပြည်တွင်းရွှေဈေးများ မြင့်တက်နေခြင်းဖြစ်သည်ဟု ၎င်းကဆိုသည်။ ရွှေဈေးများ မြင့်တက်နေသည့်အတွက် လက်ရှိတွင် ရွှေထည်ဆိုင်အများစုမှာ ကံစမ်းမဲပေးခြင်း၊ ရာခိုင်နှုန်းတစ်ခုအထိ လျှော့ဈေးများပေးခြင်းတို့ဖြင့် ရွှေထည် ဝယ်ယူသူများကို ဆွဲဆောင်နေရကြောင်း ရွှေလုပ်ငန်းရှင်များကပြောသည်။

| ရက်စွဲ | ပြည်တွင်းဈေးနှုန်း တစ်ကျပ်သား(ကျပ်) | ကမ္ဘာ့ဈေးနှုန်း တစ်အောင်စ(ကန်ဒေါ်လာ) |
|---|---|---|
| ၁-၄-၂၀၁၉ | ၁,၀၄၆,၃၀၀ | ၁၂၉၀ |
| ၂၉-၆-၂၀၁၉ | ၁,၁၁၂,၀၀၀ | ၁၅၂၀ |
| ၂၄-၇-၂၀၁၉ | ၁,၁၄၈,၆၀၀ | ၁၄၂၄ |

ရွှေဈေးကတော့ ဒီဈေးနှုန်းပတ်ချာလည်လောက်ပဲ ရှိဦးမယ်။ သိပ်ကျဖို့လည်း မလွယ်ဘူး။ ကမ္ဘာဈေးက ပြန်မကျဘူး။ ပြည်တွင်းဒေါ်လာဈေး သတ်မှတ်ပေးတဲ့ ဗဟိုဘဏ်ကဈေးကလည်းမကျဘူး။ ရွှေဈေးကွက်မှာ ရောင်းတဲ့သူ နည်းလာပါတယ်။ တက်မယ်လို့ထင်နေပြီး ကိုင်ထားကြတာများတယ်ဟု ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်ကပြောသည်။ အမေရိကန်–တရုတ် ကုန်သွယ်ရေးစစ်ပွဲကြောင့် စတော့ရှယ်ယာများ မတည်မငြိမ်ဖြစ်ကာ ဒေါ်လာအပေါ် လူအများကယုံကြည်မှုလျော့ကျ လာပြီး ရွှေကိုဝယ်ယူစုဆောင်းလာကြခြင်းသည် ကမ္ဘာ့ရွှေဈေးမြင့်တက်လာရခြင်း အကြောင်းရင်းဖြစ်ကြောင်း ရွှေလုပ်ငန်းရှင်များကဆိုသည်။

မြန်မာနိုင်ငံတွင် ရွှေဈေးသည် တစ်နေ့လျှင် ငါးကြိမ်ခန့်အပြောင်းအလဲရှိပြီး ပထမဆုံးသတ်မှတ်သည့် ဈေးအဖွင့်သည့် ရောင်းလိုအား ဝယ်လိုအားပေါ်တွင် မူတည်ကာတွက်ချက်ခြင်းဖြစ်ကြောင်း၊ ရွှေထည်ရောင်းချသည် ဆိုင်အများစုမှာ တစ်နေ့လျှင် သုံးကြိမ်ခန့် လူမှုကွန်ရက်မှတစ်ဆင့် ရွှေပေါက်ဈေးများကိုတင်ပေးနေကြောင်း ဦးမျိုးမြင့်က ပြောသည်။ ကမ္ဘာ့ရွှေဈေးနှင့် ဒေါ်လာပေါက်ဈေးကိုချိန်၍ ပြည်တွင်းအဖွင့်ရွှေဈေးကို သတ်မှတ်ခြင်း ဖြစ်သည်။ ဧပြီလဆန်းပိုင်းက ကမ္ဘာ့ ရွှေဈေးသည် တစ်အောင်စလျှင် ဒေါ်လာ ၁၃၀၀ နီးပါးရှိရာ ဇူလိုင် ၂၄ ရက်တွင် ရွှေတစ်အောင်စလျှင် ၁၄၂၄ ဒေါ်လာအထိ ဈေးမြင့်တက်လာသည်။ လက်ရှိတွင် တရုတ်၊ အိန္ဒိယနှင့်ထိုင်းနိုင်ငံသို့ ပုံမှန် မဟုတ်သည့် လမ်းကြောင်းမှ တစ်ဆင့် ရွှေရောင်းချမှုများရှိကြောင်း ရွှေလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

**Source:** https://myanmar.mmtimes.com/news/126030.html

## နောက် ၁၀ နှစ်အတွင်း နိုင်ငံ၏အာမခံဈေးကွက် ကြီးမားနိုင်သော အလားအလာရှိဟုခန့်မှန်း




လာမည့်တစ်နှစ်အတွင်း အာမခံဈေးကွက်သည် တိုးတက်လာနိုင်ခြေရှိပြီး ၁၀ နှစ်အကြာတွင် ကြီးမားသောဈေးကွက်ဖြစ်လာနိုင်ခြေရှိသည်ဟု IKBZ အာမခံ လုပ်ငန်းမှ ၎င်းတို့၏ လေ့လာတွေ့ရှိချက်များကိုအခြေခံ၍ခန့်မှန်းခဲ့သည်။ IKBZ အာမခံကုမ္ပဏီက ဇူလိုင် ၂၃ ရက်တွင် အာမခံလုပ်ငန်းဆိုင်ရာ ဈေးကွက် လေ့လာတွေ့ရှိချက်ကို ထုတ်ပြန်ခဲ့ပြီး အဆိုပါလေ့လာတွေ့ရှိချက်သည် ကျေးလက်နှင့် မြို့ပြနေထိုင်သူများပါဝင်သော လူဦးရေ ၁၀၀၀ ကို မေးမြန်းကာ စစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်သည်။

လက်ရှိမြန်မာနိုင်ငံတွင် အာမခံထားရှိမှုသည် လူဦးရေနှစ်သန်းခန့်သာရှိပြီး အာမခံလုပ်ငန်းဈေးကွက် ထိုးဖောက်နိုင်မှုသည် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုတန်ဖိုး၏ ၀ ဒသမ ၁ ရာခိုင်နှုန်းထက်နည်းပါးသည်ဟု IKBZ မှ ခန့်မှန်းထားသည်။ နိုင်ငံ၏ လက်ရှိအာမခံဈေးကွက် ထိုးဖောက်နိုင်မှုနှုန်းသည် ဒေသတွင်းဈေးကွက်များနှင့်နှိုင်းယှဉ်ပါက အနိမ့်ဆုံးဖြစ်နေသော်လည်း အနာဂတ်အလားအလာအတွက်မူ အာမခံဈေးကွက် ပိုမိုအားကောင်းလာမည်ဟု ၎င်းတို့က ခန့်မှန်းခဲ့သည်။

လာမည့်တစ်နှစ်အတွင်း နိုင်ငံ၏ အာမခံဈေးကွက်သည် ကျပ် ၁၇၅၀ ဘီလျံ တိုးတက်လာနိုင်သော အလားအလာရှိနေပြီး လာမည့် ၁၀ နှစ်တွင် ကျပ် ဘီလျံ ၄၀၀၀ အထိ ဈေးကွက်ကြီးမားလာနိုင်ခြေရှိသည်ဟုဆိုသည်။ လက်ရှိမှာတော့ အာမခံ ဈေးကွက်ထိုးဖောက်နိုင်မှုက အရမ်းနည်းပါတယ်။ ဒါပေမဲ့ အမှန်တကယ် ကောင်းမွန်တဲ့ဝန်ဆောင်မှုတွေ၊ ပြည်သူတွေကို

အသိပညာပေးနိုင်တဲ့ ပညာရှင်တွေ လုံလုံလောက်လောက် မွေးထုတ်ပေးနိုင်မယ်ဆိုရင် နောက် ၁၀ နှစ်အတွင်းမှာ ဈေးကွက် ထိုးဖောက်မှုနှုန်း ၅ ရာခိုင်နှုန်းအထိ တိုးတက်လာဖို့ မျှော်လင့်ထားတယ်ဟု IKBZ အာမခံမှ ဒုတိယ အုပ်ချုပ်မှုဒါရိုက်တာ Anil Mancham က ပြောသည်။

အာမခံလုပ်ငန်းဆိုင်ရာ ဈေးကွက်လေ့လာတွေ့ရှိချက်အရ အာမခံသုံးစွဲရန် ဖြစ်ပေါ်နေသည့် အတားအဆီးများတွင် အာမခံထားရန် ဆောင်ရွက်မှုရှုပ်ထွေးခြင်းနှင့် အာမခံထားရှိခြင်းထက် ကံကြမ္မာကိုသာ ယုံကြည်ကိုးစားမှုတို့ အဓိကပါဝင်ခဲ့သည်။ ဖြေဆိုသူဦးရေ၏ ၁၇ ရာခိုင်နှုန်းသာ အာမခံလုပ်ငန်းသဘောတရားကို သိရှိနားလည်ပြီး ဖြေဆိုသူ သုံးဦးအနက် တစ်ဦးသည် အာမခံလုပ်ငန်းထားရှိရန် ဆောင်ရွက်မှုမှာ အလွန်ရှုပ်ထွေးသည်ဟု ဖြေဆိုခဲ့သည်။

လေ့လာချက်တွေအရ အာမခံလုပ်ငန်းနဲ့ဆက်စပ်ပြီး ပညာပေးဆောင်ရွက်ချက်တွေ ပိုမိုလိုအပ်တာကို တွေ့ရတယ်။ စစ်တမ်းဖြေဆိုသူတွေကို အသက်နဲ့ ကျန်းမာရေးအာမခံရဲ့အရေးပါမှုကို အနည်းငယ် ရှင်းပြပြီးနောက်မှာ ဖြေဆိုသူ ၆၀ ရာခိုင်နှုန်းကျော်က မိသားစုနဲ့ ကိုယ်တိုင်အာမခံထားရှိမှုအပေါ်မှာ စိတ်ဝင်စားလာတာကို တွေ့ခဲ့ရတယ်''ဟု IKBZ အာမခံမှ ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ Anil Mancham က ပြောသည်။ လာမည့်တစ်နှစ်အတွင်း အာမခံထားရှိရန် စိတ်ဝင်စားမှုများပြားသော အာမခံအမျိုးအစားများတွင် ကျန်းမာရေးနှင့် အသက်အာမခံတို့သည် ထိပ်ဆုံးမှ ပါဝင်ခဲ့သည်။ ထို့ပြင် ပညာရေး၊ ပိုင်ဆိုင်မှု၊ ယာဉ်များအတွက် အာမခံထားရန် စိတ်ဝင်စားမှုများသည်ဟု လေ့လာတွေ့ရှိချက်တွင် ဖော်ပြထားသည်။

အာမခံထားရှိရန်အတွက် အဓိကရည်ရွယ်ချက်များကို စစ်တမ်းကောက်ယူခဲ့ရာတွင် မိသားစုဘဝမြှင့်တင်ရေးသည် အဓိက အချက်အဖြစ် ဖြေဆိုခဲ့ကြသည်။ ပြည်တွင်းအာမခံလုပ်ငန်းများသိရှိမှုအား စစ်တမ်းကောက်ယူရာတွင် IKBZ အား အများဆုံး သိရှိသည်ဟု ဖြေဆိုခဲ့ကြသည်ဟု ဖော်ပြထားသည်။ လက်ရှိတွင် ပြည်တွင်းအာမခံလုပ်ငန်းအချို့သည် ပြည်ပအာမခံလုပ်ငန်း များနှင့် ဖက်စပ်ပူးပေါင်းရန်ဆောင်ရွက်နေကြသည်။ IKBZ အာမခံအနေဖြင့်လည်း ဂျပန်နိုင်ငံမှ Mitsui Sumitomo Insurance နှင့် အထွေထွေအာမခံလုပ်ငန်းကို ဖက်စပ်ပူးပေါင်းရန် ဆောင်ရွက်နေသည်ဟု IKBZ မှ ဒုတိယဥက္ကဋ္ဌ ဦးညီမြင့်က ထည့်သွင်း ပြောဆိုခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/126054.html

## ပြေးလမ်းပေါ်က အရှိန်ရ မြန်မာ့ကော်ဖီ



မြန်မာ့ကော်ဖီလုပ်ငန်းသည် ပြီးခဲ့သည့် သုံးနှစ်ခန့်အတွင်း လျှင်မြန်စွာကြီးထွား ဖွံ့ဖြိုးလာသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ အထူးသဖြင့် မြန်မာ့အထူးတန်းဝင် ကော်ဖီ အမျိုးအစားသည် နိုင်ငံတကာကော်ဖီနယ်ပယ်တွင် နာမည်ကောင်းဖြင့် နေရာတစ်ခုကို ပိုင်ပိုင်နိုင်နိုင်ရယူနိုင်ခဲ့ပြီဖြစ်သည်။

မြန်မာ့ကော်ဖီလုပ်ငန်း တိုးတက်မှုအပြောင်းအလဲ၏အစသည် ၂၀၁၃ ခုနှစ် ဝန်းကျင်တွင် ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။ အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးရေး အေဂျင်စီ (USAID) သည် မြန်မာနိုင်ငံ၏ ကော်ဖီလုပ်ငန်းနယ်ပယ်ဖွံ့ဖြိုးရေးအတွက် တောင်သူများနှင့် ထုတ်လုပ်မှု လုပ်ငန်းများအတွက် ခေတ်မီနည်းပညာနှင့် အကြံဉာဏ်များပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သကဲ့သို့ ကော်ဖီထုတ်လုပ် ရောင်းချသူများကိုလည်း နိုင်ငံတကာ ဈေးကွက်သို့လက်လှမ်းမီစေနိုင်ရန် ဈေးကွက်နှင့်ချိတ်ဆက်ပေးခြင်းအထိပါ ဆောင်ရွက်ပေးခဲ့သည်။ ပြီးခဲ့တဲ့ ငါးနှစ် အတွင်း USAID ရဲ့အကူအညီက အဓိကပါဝင်ခဲ့သလို တောင်သူတွေ၊ ထုတ်လုပ်သူတွေ အားလုံးပူးပေါင်းမှုနဲ့ပါ ပြည်တွင်းမှာ အရည်အသွေးမြင့်ကော်ဖီထုတ်လုပ်မှုကိုလုပ်နိုင်ခဲ့တယ်။

ကမ္ဘာ့ကော်ဖီဈေးကွက်မှာ မြန်မာ့အထူးတန်းဝင်ကော်ဖီကို အဆင့်အတန်းတစ်ခုအနေနဲ့ လက်ခံထားကြပါတယ်ဟု မြန်မာနိုင်ငံကော်ဖီအသင်းဥက္ကဋ္ဌဦးမျိုးအေးကပြောသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကော်ဖီပို့ကုန်ဆိုင်ရာ အချက်အလက်များအရ ၂၀၁၃ ခုနှစ်မတိုင်မီတွင် မြန်မာနိုင်ငံ၏ ကော်ဖီတင်ပို့မှုသည် တန်ချိန် ၆၀၀ ခန့်အောက်သာရှိပြီး ပို့ကုန်ဝင်ငွေမှာလည်း အမေရိကန်ဒေါ်လာ တစ်သန်းအောက်သာရှိခဲ့သည်။ အဆိုပါနှစ်များတွင် မြန်မာ့ကော်ဖီထုတ်လုပ်မှုသည် မိရိုးဖလာထုတ်လုပ်မှုပုံစံဖြင့် ထုတ်လုပ်ခဲ့ ကြပြီး ကော်ဖီ၏အရည်အသွေးမှာလည်း နိမ့်ပါးခဲ့သည်။ ထို့ကြောင့် ပြည်ပဈေးကွက်ဝယ်လိုအားမှာလည်း များစွာမရှိခဲ့ပေ။ ၂၀၁၈ ခုနှစ်တွင် မြန်မာ့ကော်ဖီသည် ပြည်ပသို့တန်ချိန် ၁၀၀၀ ကျော်တင်ပို့ခဲ့ပြီး အမေရိကန် ဒေါ်လာခြောက်သန်းခန့် ရရှိခဲ့သည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကော်ဖီအသင်းတို့၏ အချက်အလက်များအရသိရသည်။ မြန်မာ့ကော်ဖီကို နိုင်ငံပေါင်း ၁၆ နိုင်ငံသို့ တင်ပို့လျက်ရှိပြီး အမေရိကန်နှင့်ဂျပန်နိုင်ငံများသို့ အဓိကတင်ပို့လျက်ရှိသည်။ အဆိုပါ ပြည်ပသို့ စုစုပေါင်းကော်ဖီတင်ပို့မှုအနက် အထူးတန်းဝင်ကော်ဖီအမျိုးအစားတင်ပို့မှုသည် တန်ချိန် ၄၀၀ ခန့်ပါဝင်ခဲ့ပြီး အထူးတန်းဝင်ကော်ဖီတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၀၀ မှ ၁၀၀၀၀ အကြား ဈေးကောင်းရလျက် ရှိသည်။

မကြာမီက ထုတ်ပြန်ခဲ့သော အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (USAID) ၏ထုတ်ပြန်ချက်အရ ပြီးခဲ့သည့် ငါးနှစ်အတွင်း မြန်မာ့ကော်ဖီကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ ခေတ်မီနည်းပညာနှင့် သင်ကြားမှုများကို တောင်သူ ၈၀၀၀ ကျော်ထံ ကူညီပေးခဲ့ပြီး ထုတ်လုပ်မှုနှင့် ဈေးကွက်ချိတ်ဆက်မှုများကိုလည်း ထောက်ပံ့ ဆောင်ရွက်ပေးနိုင်ခဲ့သည်ဟု ဖော်ပြထားသည်။ အဓိကအရေးကြီးဆုံးအနေနဲ့ ကော်ဖီတန်ဖိုးမြှင့်ကွင်းဆက်ဖွံ့ဖြိုးရေးကို စိုက်ခင်းကနေ ဈေးကွက်အထိ ဖော်ဆောင်ခဲ့တယ်။ တောင်သူကနေ တင်ပို့သူအထိ နည်းပညာနဲ့ဈေးကွက်ဆိုင်ရာ အကြံဉာဏ်တွေကို တောက်လျှောက်ပံ့ပိုးပေးခဲ့တယ်။ ပြီးခဲ့တဲ့ သုံးနှစ်အတွင်းမှာ မြန်မာ့ကော်ဖီကဏ္ဍက အဆပေါင်းများစွာ တိုးတက်ခဲ့တာကို မြင်တွေ့နိုင်ပါတယ်ဟု အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (USAID) ညွှန်ကြားရေးမှူး ထရီဆာ မက်ဂီကပြောသည်။ ကမ္ဘာ့ကော်ဖီဈေးကွက်မှာ ကော်ဖီကဈေးကောင်းလှတယ် မဟုတ်ပေမဲ့ ကျွန်တော်တို့က အထူးတန်းဝင် ကော်ဖီဈေးကွက်ကို သွားနေတာဖြစ်လို့ လက်ရှိမှာတော့ ဈေးကောင်းရနေပါတယ်ဟု Myanmar Horticulture Development အုပ်ချုပ်မှုဒါရိုက်တာ ဦးရဲမြင့်က ပြောသည်။

မြန်မာနိုင်ငံတွင် ကော်ဖီစိုက်ပျိုးမှုဧက ၄၉၀၀၀ ခန့်ရှိပြီး တစ်နှစ်လျှင် ကော်ဖီတန်ချိန် ၈၀၀၀ ခန့် ထုတ်လုပ် နေသည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကော်ဖီလုပ်ငန်းဆိုင်ရာ အချက်အလက်များတွင် ဖော်ပြ ထားသည်။ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု၏ ၉၀ ရာခိုင်နှုန်းသည် အာရေဗီးက ကော်ဖီအမျိုးအစား စိုက်ပျိုးထုတ်လုပ်မှုဖြစ်ပြီး ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အဓိကစိုက်ပျိုးသည်။ ကျန် ၁၀ ရာခိုင်နှုန်းသည် ရိုဘတ်စတာကော်ဖီအမျိုးအစားစိုက်ပျိုးမှုဖြစ်ပြီး ကရင်ပြည်နယ်တွင် စိုက်ပျိုးလျက်ရှိသည်။ အခုဆိုရင် အမေရိကန်မှာ ရှမ်းပြည်နယ်ရွာငံဒေသကထွက်တဲ့ ကော်ဖီကိုရောင်းနိုင်ကြပြီ။ ၂၀၁၄ လောက်ကဆိုရင် ဒါဟာ အိမ်မက်တောင် မမက်နိုင်တဲ့ကိစ္စမျိုးပါပဲ။ ကျွန်တော်တို့ အခုရရှိနေတဲ့ အဆင့်အတန်းအတွက် ကော်ဖီအရည်အသွေးကိုထိန်းဖို့လိုသလို ဒီထက်ပိုပြီး တိုးတက်လာဖို့လည်း စဉ်းစားဆောင်ရွက်ရပါမယ်ဟု ဦးမျိုးအေးကပြောသည်။ နိုင်ငံတကာဈေးကွက်တွင် မြန်မာ့ကော်ဖီသည် နာမည်ကောင်းဖြင့် ကျော်ကြားလျက်ရှိသော်လည်း ပြည်တွင်းဈေးကွက်တွင်မူ အသင့်သောက်ကော်ဖီများသာ လွှမ်းမိုးလျက်ရှိသည်။ ပြီးခဲ့သည့် မေလတွင်ပြုလုပ်ခဲ့သည့် ကော်ဖီဖိုရမ်တွင် နိုင်ငံတော်ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြည်ပပို့ကုန်အတွက် အာရေဗီးကကော်ဖီစိုက်ပျိုးထုတ်လုပ်မှုကို အားစိုက်ဆောင်ရွက်သလို နိုင်ငံအတွင်း ပြည်ပမှ

တင်သွင်းနေရသည့် အသင့်သောက် ကော်ဖီနေရာများတွင် အစားထိုးနိုင်ရန် ရိုဘတ်စတာကော်ဖီစိုက်ပျိုးထုတ်လုပ်မှုကိုလည်း မြှင့်တင်ဆောင်ရွက် ကြရန် တိုက်တွန်းပြောဆိုထားသည်။ နှစ်တိုအတွင်းမှာပဲ မြန်မာ့ကော်ဖီက အရင်က ဇီးရိုးကနေ အခုဟီးရိုးဖြစ်လာတယ်။ ဒါကို ရေရှည်တည်တံ့ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်ဖို့ အရေးကြီးသလို အစိုးရရဲ့ပံ့ပိုးမှုပါရရှိဖို့ လိုပါတယ်ဟု ဦးရဲမြင့်ကပြောသည်။

ကော်ဖီအရည်အသွေးကောင်းရရှိရန်၊ ဈေးကွက်နှင့် ထိုက်သင့်သည့်ဈေးနှုန်းရရှိရန်၊ ကော်ဖီစိုက်ပျိုး ထုတ်လုပ်သူများအတွက် ချေးငွေနှင့်အရင်းအနှီးများရရှိရန်အတွက် အဓိကထားပြီး အစိုးရဌာနဆိုင်ရာနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည်ဟု နိုင်ငံတော်ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ထည့်သွင်းပြောဆိုခဲ့သည်။ မြန်မာကော်ဖီက နိုင်ငံတကာဈေးကွက်မှာ နာမည်ကောင်းရလာတယ်။ USAID အနေနဲ့ မြန်မာ့အရည်အသွေးမြင့် ကော်ဖီထုတ်လုပ်နိုင်ရာမှာ ပုဂ္ဂလိကကဏ္ဍကို ပံ့ပိုးကူညီပေးနိုင်ခဲ့တယ်။ ပုဂ္ဂလိကကဏ္ဍက ပိုမိုဖွံ့ဖြိုးလာတာနဲ့ အမျိုးနိုင်ငံရဲ့စီးပွားရေးလည်း ပိုမိုဖွံ့ဖြိုးလာစေမှာဖြစ်ပါတယ်ဟု အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (USAID) ညွှန်ကြားရေးမှူး ထရီဆာမက်ဂီကပြောသည်။

**Source:** https://myanmar.mmtimes.com/news/126061.html

## လာမည့်ငါးနှစ်အတွင်း အမျိုးသားပို့ကုန်မဟာဗျူဟာတွင် ပို့ကုန်အမည်သစ်များတိုးချဲ့ရေးနှင့် ပို့ကုန်အမျိုးအစားတစ်ခုစီ၏ တင်ပို့မှုပမာဏတိုးချဲ့ရေးဆောင်ရွက်မည်

လာမည့် ငါးနှစ်အတွင်း အမျိုးသားပို့ကုန် မဟာဗျူဟာတွင် ပို့ကုန်အမည်သစ်များ တိုးချဲ့ရေးနှင့် ပို့ကုန်အမျိုးအစားတစ်ခုစီ၏ တင်ပို့မှုပမာဏ တိုးချဲ့ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ ပို့ကုန်မြှင့်တင်ရေးအတွက် ပြည်ပပို့ကုန်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ကမ္ဘာ့ဈေးကွက်မှာ ယှဉ်ပြိုင်မှုမြင့်မားလာရေးအတွက် အမျိုးသားအဆင့် ပို့ကုန်မဟာဗျူဟာကို ဦးတည်ချက်များ ချမှတ်ဆောင်ရွက်ခဲ့တဲ့ အတွက်ကြောင့် အထည်ချုပ်လုပ်ငန်း၊ ဆန်နဲ့ဆန်ထွက်ပစ္စည်း၊ ပဲမျိုးစုံ၊ ရေထွက်ပစ္စည်းစသည်တို့မှာ ပို့ကုန်ပမာဏသိသာစွာ တိုးတက်လာခဲ့ပါတယ်။ လာမယ့်ငါးနှစ်အတွက် အမျိုးသားပို့ကုန် မဟာဗျူဟာမှာလည်း အမယ်သစ်များတိုးချဲ့ရေးနဲ့ ပို့ကုန်အမျိုးအစားတစ်ခုစီရဲ့ တင်ပို့မှုပမာဏ တိုးချဲ့ရေးဆောင်ရွက်သွားမှာဖြစ်ပါတယ်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

အလားတူ သွင်းကုန်များနှင့်ပတ်သက် ၍ ၂၀၁၈ ခုနှစ် ဧပြီမှ စက်တင်ဘာလအထိ ဒေါ်လာ ၉၈၅၈ သန်း တင်သွင်းခဲ့ပြီး အများစုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၏ ရင်းနှီးမြှုပ်နှံမှုပစ္စည်းများ၊ ထုတ်လုပ်မှုလုပ်ငန်းသုံး ကုန်ကျပစ္စည်းများဖြစ်ကြောင်း၊ ဇိမ်ခံပစ္စည်းဟုဆိုနိုင်သည့် ပစ္စည်းများတင်သွင်းမှုသည် ဒေါ်လာ ၃၆၅ သန်းရှိပြီး စုစုပေါင်းသွင်းကုန်တန်ဖိုး၏ လေးရာခိုင်နှုန်း ကိုသာ တင်သွင်းထားကြောင်း၊ မော်တော်ယာဉ် တင်သွင်းမှုဆိုင်ရာမူဝါဒကို သတ်မှတ်ခဲ့ခြင်းကြောင့် လူစီးမော်တော်ယာဉ်များ တင်သွင်းမှုမှာလည်း သိသာစွာလျော့ကျလာကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ အမျိုးသားပို့ကုန်မဟာဗျူဟာ၏ ဦးတည်ချက်အနက် စဉ်ဆက်မပြတ် တိုးတက်မှုရှိပြီး အလုံးစုံပါဝင်ကာ ညီညွတ်မျှတသည့် ပို့ကုန်ဦးဆောင်သော တိုးတက်မှုကို ဖော်ဆောင်ရန်၊ လက်ရှိ ပို့ကုန်လုပ်ငန်းရှင်များနှင့် ထွန်းသစ်စပို့ကုန်လုပ်ငန်းရှင်များ၏ လိုအပ်ချက်အမျိုးမျိုးကို ပူးပေါင်း ဖြည့်ဆည်းပံ့ပိုးပေးနိုင်မည့် ခေတ်မီကုန်သွယ်မှု အထောက်အကူပြုအဖွဲ့အစည်းများ ထူထောင်နိုင်ရန်စသည်တို့ပါဝင်သည်။ အမျိုးသားပို့ကုန် မဟာဗျူဟာတွင် ဦးစားပေးကုန်စည်အနေဖြင့် ဆန်၊ ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံ၊ ရေထွက်ကုန်ပစ္စည်း၊ အထည်အလိပ်နှင့်အဝတ်အထည်၊ သစ်နှင့်သစ်တောထွက်ပစ္စည်း၊ ဦးစားပေး

ကဏ္ဍအနေဖြင့် ခရီးသွားလုပ်ငန်းတို့ပါဝင်သည်။ ဖွံ့ဖြိုးရန်အလားအလာရှိသည့်ကဏ္ဍတွင် ရော်ဘာကိုထည့်သွင်းထားပြီး ဦးစားပေးကဏ္ဍများကို အထောက်အကူပြုဝန်ဆောင်မှုကဏ္ဍများအဖြစ် ကုန်သွယ်မှုဆိုင်ရာငွေကြေးဝန်ဆောင်မှု၊ ကုန်သွယ်မှုသတင်းအချက်နှင့်ကုန်သွယ်မှု မြှင့်တင်ရေး၊ အရည်အသွေးစီမံခန့်ခွဲခြင်း၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့ခြင်းနှင့် ကုန်စည်သယ်ယူပို့ဆောင်ရေးတို့ဖြစ်ကြောင်းသိရသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမခြောက်လပတ်အတွင်း အမျိုးသားပို့ကုန် မဟာဗျူဟာရှိ ကဏ္ဍအလိုက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးများ၊ တွေ့ဆုံဆွေးနွေးပွဲများကျင်းပခြင်း၊ ပို့ကုန်ဝင်ငွေမြှင့်တင်ရေးစီမံကိန်းတွင် ပါဝင် ဆောင်ရွက်နေကြသူ များအား ပြည်ပလေ့လာရေးခရီးစေလွှတ်ခြင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် အချို့တွင် ဆွေးနွေးညှိနှိုင်းခြင်း၊ တရုတ်နိုင်ငံရှန်ဟိုင်းမြို့၌ကျင်းပခဲ့သည့် နိုင်ငံတကာသွင်းကုန်ပစ္စည်းပြပွဲသို့ မြန်မာကုမ္ပဏီ ၁၁ ခုကို သွားရောက်ပြသစေခဲ့ခြင်း၊ ဦးစားပေးကုန်စည်များတိုးမြှင့်တင်ပို့နိုင်ရေးအတွက် ဦးစားပေးကဏ္ဍခုနစ်ရပ်၏ အစည်းအဝေးများကျင်းပခဲ့ခြင်း ၊ ကဏ္ဍအလိုက်လိုအပ်ချက်များနှင့် ဦးစားပေးလုပ်ငန်းစဉ်များဖော်ထုတ်ခြင်း တို့ကို ဆောင်ရွက်ခဲ့ကြောင်း ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းပထမ ခြောက်လပတ်အစီရင်ခံစာနှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာတွင်ဖော်ပြထား သည်။

**Source:** https://news-eleven.com/article/124494

## ရေတ်မျိုးစေ့ဝယ်လိုအား သိသိသာသာများလာခြင်းကြောင့် လိုသလောက်ဝယ်မရဘဲ ဈေးနှုန်းသုံးဆကျော်မြင့်တက်

ရေတ်စိုက်သူများလာသော ယခုနှစ်တွင် ရေတ်မျိုးစေ့ဝယ်လိုအားမှာ သိသိသာသာများ လာခြင်းကြောင့် လိုသလောက် ဝယ်မရဘဲ ဈေးနှုန်းမှာလည်း ရေတ်မျိုးစေ့တစ်ထုပ် ကျပ် ၈၀၀၀ မှ ကျပ် ၃၀၀၀၀ ခန့်အထိဖြစ်ခဲ့ကြောင်း စစ်ကိုင်းတိုင်း ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိုးလွင်ထံမှ သိရသည်။ စစ်ကိုင်းတိုင်းမှာ ၂၀၁၈--၂၀၁၉ ဘဏ္ဍာနှစ်က ဧက ၁၄၀၀၀ လောက် ရေတ်စိုက်ပြီး အထွက်နှုန်းက ပိဿာ သိန်းပေါင်း ၄၀ ကျော်လောက်ထွက်တယ်။ မုံရွာခရိုင်ထဲမှာ ရေတ်သီးစိမ်းသာမို ၁၁ တွေ အစိုက်များတယ်။သာမို ၁၁ မျိုးက ဝယ်မရတဲ့အထိဖြစ်နေတယ်။ မောင်တိန်ရေတ်မျိုးနဲ့ သာမို ၁၁ ပုံစံတူရေတ်မျိုးတွေ အစားထိုးစိုက်လာကြပြီ။ လွန်ခဲ့တဲ့ နှစ်က မုံရွာခရိုင်မှာ ရေတ်စိုက်ဧက ၂၀၀၀ ကျော်စိုက်တယ်ဟု ဦးစိုးလွင်ကရှင်းပြသည်။

မုံရွာခရိုင်တွင် နှစ်စဉ်ဇူလိုင်လမှ ဒီဇင်ဘာလအတွင်း ရေတ်စိုက်ရာ ယခုနှစ်တွင် ရေတ်သီးဈေးမြင့်လာသောကြောင့် ရေတ်စိုက်ဧက တိုးချဲ့သူပိုများလာကြောင်းသိရသည်။ စစ်ကိုင်းတိုင်းက ၂၀၁၈--၂၀၁၉ ဘဏ္ဍာနှစ်မှာ မိုးရာသီနဲ့ ဆောင်းရာသီစိုက်ရေတ်အစိုနဲ့ ရေတ်အခြောက်ထွက်တဲ့ပိဿာက သိန်း ၁၀၀ ကျော်တယ်။ စိုက်တဲ့ဧကက ၁၃၀၀၀ ကျော်တယ်ဟု ၎င်းက ဆက်လက်ပြောဆိုသည်။ ပြည်တွင်းပြည်ပဝယ်လိုအားကြောင့် ရေတ်သီးဈေးကွက်မြင့်တက်နေ သောကြောင့် မုံရွာခရိုင်အတွင်း ရေတ်စိုက်ဧကမှာ နှစ်ဆခန့်မြင့်တက်လာဖွယ်ရှိကြောင်း ရေတ်စိုက်တောင်သူ အသိုင်း အဝိုင်းက သုံးသပ်ထားသည်။

**Source:** https://myanmar.mmtimes.com/news/126007.html

## တရုတ်နိုင်ငံမှ တပတ်ရစ်ကားများ မြန်မာနိုင်ငံနှင့်အခြားနိုင်ငံများသို့ တင်ပို့ မည်

တရုတ်နိုင်ငံက မြန်မာနိုင်ငံအပါအဝင် အခြားနိုင်ငံများထံသို့ အသုံးပြုပြီးသည့် တပတ်ရစ်ကားများ တင်ပို့ရန်စီစဉ်နေ ကြောင်း China Daily သတင်း၏ဖော်ပြချက်အရသိရသည်။ တရုတ်နိုင်ငံ ဂွမ်ဒေါင်းပြည်နယ်ရှိ အသုံးပြုပြီးသား မော်တော်ယာဉ်များကို မြန်မာ၊ ရုရှား၊ နိုင်ဂျီးရီးယားနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ဆီ တင်ပို့ရန် တရုတ်ဗဟိုအစိုးရက ခွင့်ပြုချက်ပေးခဲ့ပြီးနောက် ယခုကဲ့စီစဉ်နေခြင်းဖြစ်သည်။ လက်ရှိအချိန်တွင် ကားအစီးပေါင်း ၃၀၀ ကို မြန်မာအပါအဝင် အခြားနိုင်ငံများ ဆီသို့ စတင်တင်ပို့ရန် ပြင်ဆင်နေခြင်းဖြစ်ပြီး ကားများ၏ စုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂

ဒသမ ၅ သန်း တန်ကြေးရှိကြောင်းသိရသည်။ နောက်ပိုင်းတွင်း တရုတ်နိုင်ငံရှိ စက်မှုဖွံ့ဖြိုးပြီးဒေသများဖြစ်သည့် ပေကျင်း၊ ရှန်ဟိုင်းနှင့် တီယန်ကျင်းအပါအဝင် ဒေသ ၁၀ ခုမှ အသုံးပြုပြီးကားတွေကို ထပ်မံတင်ပို့သွားမည်ဖြစ်ကြောင်း တရုတ်သတင်းစာကဖော်ပြသည်။

မြန်မာနိုင်ငံတွင် ကားထုတ်လုပ်ရောင်းချမှုများသည် ပြီးခဲ့သည့်နှစ်များနှင့်နှိုင်းယှဉ်လျှင် မြင့်တက်လာခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ ကားထုတ်လုပ်မှုပိုင်းနှင့် ရောင်းချမှုပိုင်းသည် ယခုနှစ်ငါးလအတွင်းမြင့်တက်ခဲ့ကြောင်း အရှေ့တောင်အာရှ ကားထုတ်လုပ်ရောင်းချသူများအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

**Source: China daily**

https://www.facebook.com/standardtimedaily/

## တရုတ်နိုင်ငံတင်ပို့နေတဲ့ ငရုတ်စိုဈေးနှုန်းများကျဆင်း

ပြည်တွင်းဈေးကွက်အတွင်း ငရုတ်ခြောက်ဈေးနှုန်း မြင့်တက်နေသော်လည်း တရုတ်နိုင်ငံသို့တင်ပို့နေသည့် ငရုတ်စိုဈေးနှုန်းများကျဆင်းလျက်ရှိကြောင်း မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူ စားဖိုဆောင်သီးနှံများ စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးခင်ဟန်၏ ပြောဆိုချက်အရသိရပါတယ်။ လက်ရှိတွင် အိန္ဒိယငရုတ်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ ဝန်းကျင်၊ ပြည်တွင်းမှထွက်ရှိသည့် ငရုတ်ခြောက်တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ဝန်းကျင်အထိ ဈေးနှုန်းရှိပြီး ယခင်က ငရုတ်စိုတစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ ဝန်းကျင်ရှိခဲ့ရာမှ လတ်တလောတွင် ငွေကျပ် ၁၂၀၀ ဝန်းကျင်သာရှိကြောင်းသိရပါတယ်။ ငရုတ်စိုဈေးနှုန်းကျဆင်းခြင်းမှာ ဝယ်လိုအား နည်းပါးနေခြင်းကြောင့်ဖြစ်ပြီး ပြည်တွင်းမှထွက်ရှိသည့် ငရုတ်မျိုးများအနက် နိုင်ငံခြားမျိုးဖြစ်သည့် ၆၉၂ မျိုးကို တရုတ် နိုင်ငံက အဓိကဝယ်ယူလျက်ရှိကြောင်းသိရပါတယ်။ ငရုတ်ကို ပြည်တွင်း၌ ဒေသမျိုးများအပါအဝင် ပြည်ပမျိုးပေါင်း ခြောက်မျိုးခန့် စိုက်ပျိုးလျက်ရှိပြီး ထိုင်းနိုင်ငံမှ အမျိုးအစားအားလုံးနီးပါးဝယ်ယူကာ ယင်းမှတစ်ဆင့်မလေးရှား၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်စသည့်နိုင်ငံတို့သို့ တင်ပို့လျက်ရှိကြောင်းသိရပါတယ်။

ပြည်တွင်းငရုတ်ကို ဧရာဝတီတိုင်းဒေသကြီးအပါအဝင် ကျောက်ဆည်၊ မြစ်သား၊ ဟန်မြင့်မိုရ်စသည့် အထက်ဒေသတို့၌ စိုက်ပျိုးလေ့ရှိကာ ဧရာဝတီတိုင်းဒေသကြီးရှိ ကုန်းမြင့်ဒေသတို့တွင် ဩဂုတ်လအတွင်း ငရုတ်များစတင် စိုက်ပျိုးလေ့ရှိကြောင်းသိရပါတယ်။ မြေနိမ့်ဒေသတွင် စက်တင်ဘာလမှသာ စိုက်ပျိုးလေ့ရှိကြောင်း၊ ရန်ကုန် မြို့ ဘုရင့်နောင်ကုန်စည်ဈေးကွက်အတွင်း ဆင်ဖြူကျွန်း၊ မြစ်ဝကျွန်းပေါ်၊ ကျောက်ဆည်၊ မြစ်သား၊ မိတ္ထီလာ စသည့်ဒေသတို့မှ ငရုတ်များ ဝင်ရောက်လျက်ရှိပြီး ထိုင်းနှင့်အိန္ဒိယနိုင်ငံတို့မှလည်း ငရုတ်ခြောက်များ ဝင်ရောက်လျက် ရှိကြောင်းသိရပါတယ်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2190-china-exported-a-drop-in-prices-on-raw-chili.html

## STOCK EXCHANGE (25.7.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 25th Jul. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +0 | +0.00% | 11,000 | 11,000 | 11,000 | 3,942 | 43,362,000 | 27,112,747 | 298,240 |
| MTSH | 00002 | 3,350 | +0 | +0.00% | 3,350 | 3,350 | 3,350 | 6,354 | 21,285,900 | 38,929,150 | 130,413 |
| MCB | 00003 | 8,200 | +200 | +2.50% | 8,000 | 8,200 | 8,000 | 200 | 1,623,600 | 10,400,986 | 85,288 |
| FPB | 00004 | 24,500 | +500 | +2.08% | 24,000 | 24,500 | 24,000 | 42 | 1,019,000 | 2,472,053 | 60,565 |
| TMH | 00005 | 3,050 | +0 | +0.00% | 3,050 | 3,050 | 3,050 | 0 | 0 | 12,212,906 | 37,249 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 448.09 | +2.42 | +0.54% | 445.67 | 448.09 | 445.67 | 10,538 | 67,290,500 | 5 | 611,755 |

### Index chart




# Market Overview

As of 1:00 pm, 25th Jul. 2019

| MYANPIX | 448.09 ▲ 2.42 |
|---|---|
| Total Volume (shares) | 10,538 |
| Total Value (MMK) | 67 mil |
| Listed Company | 5 |
| Market Cap. (MMK) | 611,755 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 0 |
| MTSH | 00002 | 3,350 | ▲ 0 |
| MCB | 00003 | 8,200 | ▲ 200 |
| FPB | 00004 | 24,500 | ▲ 500 |
| TMH | 00005 | 3,050 | ▲ 0 |